# နိုင်ငံခြားသားနေထိုင်သူများအတွက် လူနေမှုထောက်ပံ့ရေးစာအုပ်

## ～လူနေမှုအပိုင်း～

၂၀၂၅ ခုနှစ် မတ်လ ဝါကာ့ယာမခရိုင် ဟာရှိမိုတိုမြို့


(မာတိကာ)


・ဘေးအန္တရာယ်ကာကွယ်ရေး (ဘိုးစိုင်း) နှင့်ပတ်သက်၍ ・・・・・ P2

※တိုင်ဖွန်းမုန်တိုင်း (တိုင်းဖူး)၊ ငလျင် (ဂျီရှင်း) နှင့်ပတ်သက်၍

・အမှိုက်ခွဲခြားစွန့်ပစ်ခြင်း (ဘွန်းဘက်ဆု) နှင့်ပတ်သက်၍ ・・・・・ P18

・သတင်းအချက်အလက် (ဂျောဟိုး) ရယူမှုနှင့်ပတ်သက်၍ ・・・・・ P40

အရေးပေါ်အခြေအနေစီမံခန့်ခွဲရေးဌာန

# ဘိုးစိုင်း
# ဘေးအန္တရာယ်ကာကွယ်ရေးနှင့်ပတ်သက်၍

## ဘေးအန္တရာယ်အတွက်
## အသင့်ပြင်ကြပါစို့




ဟာရှိမိုတိုမြို့အရေးပေါ်အခြေအနေစီမံခန့်ခွဲရေးဌာန

# ၁. တိုင်ဖွန်းမုန်တိုင်းနှင့် မိုးကြီးမှုကို သိပါသလား

## တိုင်ဖွန်းမုန်တိုင်း (တိုင်းဖူး)

- ဇွန်လကနေ အောက်တိုဘာလအထိလောက် ကာလမှာ ဂျပန်တောင်ဘက် ပစိဖိတ်သမုဒ္ဒရာကနေ ဝင်လာတဲ့ အပူပိုင်းလေဖိအားနည်းရပ်ဝန်းပါ။
  (အင်္ဂါရပ်) လေပြင်းတွေတိုက်၊ မိုးအများအပြားရွာစေပါတယ်။



## မိုးသည်းထန်မှု (အိုးအာ့မယ်)

- အချိန်ကာလတစ်ခုအတွင်း မိုးအများအပြား ရွာသွန်းတာဖြစ်ပါတယ်။
  (အင်္ဂါရပ်) ဆုယု - ဇွန်လကနေ ဇူလိုင်လလောက်မှာ မိုးအများအပြား ရွာတဲ့ရာသီဖြစ်ပါတယ်။
  ဆုယုရာသီအပြင် အချိန်တိုအတွင်း မိုးအများအပြားရွာသွန်းမှုတွေ ဖြစ်တတ်ပါတယ်။
  → မိုးအဆက်မပြတ်ရွာစေတဲ့တိမ်တန်း
  ရုတ်တရက်အကြီးအကျယ်မိုးရွာမှု



# 2. ငလျင်ကို သိပါသလား

## ငလျင်

- မြေပြင် အကြီးအကျယ် လှုပ်ခါတာဖြစ်ပါတယ်။
- ငလျင်လှုပ်ခါမှု ပြင်းအားကို "ရှင်းဒို (ငလျင်အဆင့်)" နဲ့ ဖော်ပြပါတယ်။

→ ရှင်းဒို 1 ဟာ လှုပ်ခါမှု သေးငယ်တဲ့ငလျင်။ ရှင်းဒို 7 ဟာ အပြင်းဆုံးငလျင်။

(အင်္ဂါရပ်) ဘယ်အချိန်၊ ဘယ်နေရာမှာ ဖြစ်ပေါ်မလဲ မသိနိုင်ပါဘူး။

ဂျပန်နိုင်ငံဟာ ငလျင်အလှုပ်များတဲ့နိုင်ငံဖြစ်ပါတယ်။



# ３. ငလျင်လှုပ်တဲ့အခါမှာ


## အိမ်နဲ့အဆောက်အအုံထဲမှာ ရှိနေတဲ့အခါ

- ခေါင်းအုံး၊ စာအုပ်စတာတွေနဲ့ ဦးခေါင်းကိုကာကွယ်ပါ။
- ခေါင်းအုံးအောက်ထဲ ခေါင်းလျှိုပါ။
- အဆောက်အအုံအပြင်ကို အလျင်စလို မထွက်ပါနဲ့။



## အပြင်မှာ ရှိနေတဲ့အခါ

- လက်ကိုင်အိတ်နဲ့ ဦးခေါင်းကိုကာကွယ်ပါ။
- အုတ်တံတိုင်း၊ အဆောက်အအုံ၊ ဆိုင်းဘုတ်တွေနားက ခွာနေပါ။



### ငလျင်လှုပ်တာရပ်သွားရင်

- မိမိရှိရာနေရာ လုံခြုံမှု စိစစ်အတည်ပြု
- မိသားစု လုံခြုံမှု စိစစ်အတည်ပြု
- မီးကိုငြိမ်း
- နေအိမ်က အန္တရာယ်ရှိတဲ့အခါ တိမ်းရှောင် (အသိမိတ်ဆွေအိမ်၊ တိမ်းရှောင်ခိုလှုံရေးစခန်း)
- နောက်ဆက်တွဲငလျင် (ငလျင်ကြီးတွေနောက်မှာ ဆက်လှုပ်တဲ့ငလျင်) ကို သတိထားပါ

# 4 . ဘေးအန္တရာယ်မကျခင်လုပ်ထားစရာ

○မိသားစုနဲ့ အသိမိတ်ဆွေတွေနဲ့ ပြောဆိုတိုင်ပင်ထားပါ။

- တိမ်းရှောင်မယ့်နေရာနဲ့ ဆက်သွယ်နည်းကို ဆုံးဖြတ်ထားပါ။

○အိမ်ထဲမှာ ဘေးကင်းလုံခြုံအောင်လုပ်ထားပါ။

- ပရိဘောဂတွေ လဲမကျအောင် ထိန်းချုပ်ချည်နှောင်ထားပါ။
- စင်္ကြံနဲ့ ဝင်ပေါက်တွေမှာ ပစ္စည်းတွေ မထားပါနဲ့။

○ထွက်ပြေးတိမ်းရှောင်ရာမှာလိုအပ်တာတွေကို အသင့်ပြင်ပါ။


- မိသားစုဝင်အရေအတွက်နဲ့ အသက်အရွယ်တွေကို စဉ်းစားပြီး လိုအပ်တာတွေကို အသင့်ပြင်ထားပါ

○တိမ်းရှောင်ခိုလှုံရေးစခန်း

- ဇဝေဇဝါမဖြစ်အောင် အနီးက တိမ်းရှောင်ခိုလှုံရေးစခန်းနေရာကို စိစစ်အတည်ပြုထားပါ

**<u>ဘေးအန္တရာယ်ကြုံချိန် အသံသွင်း</u>**
**<u>ချန်ထားရေးဖုန်းနံပါတ်</u> (171) (NTT)**

**ဘေးအန္တရာယ်ကြုံချိန် မိသားစုဆီကို**
**ပြောထားတဲ့ သတင်းစကားကိုနားထောင်နိုင်ပါတယ်။**





# 5. ဘေးအန္တရာယ်မကျခင်အသင့်ပြင်ထားစရာပစ္စည်း

စားစရာ၊ သောက်သုံးရေ

သောက်သုံးရေ လူ ၁ ယောက် ၁ နေ့ ၃ လီတာလိုပါတယ်။

အိမ်သာသုံးပစ္စည်း၊ လက်နှိပ်ဓာတ်မီး၊ စောင်၊ အိတ်ဆောင်အိပ်ရာ၊ လက်ကိုင်ဖုန်းအားသွင်းစက် စသည်









ရင်ခွင်ပိုက်ကလေး၊ ကိုယ်ဝန်သည်၊ အသက်ကြီးသူတွေ စသဖြင့်
မိသားစုအနေအထားအလိုက် အသင့်ပြင်ထားစရာပစ္စည်းအမျိုးမျိုးရှိပါတယ်။

တိုကျို ဘီချိခုနာဘီ (တိုကျိုမြို့)

東京備蓄ナビ



မေးခွန်း ၃ ခုကို ဖြေရုံနဲ့ လိုအပ်တဲ့ပစ္စည်းကို စိစစ်အတည်ပြုနိုင်ပါတယ်။

# ၆ . တိမ်းရှောင်ခိုလှုံရေးစခန်းနေရာ သိထားပါ

## ဟာရှိမိုတိုမြို့ဘေးအန္တရာယ်ပြမြေပုံ

・・・ တိမ်းရှောင်ရေးစခန်းနေရာ၊ ချောက်ကမ်းပါးပြိုနိုင်တဲ့နေရာ၊ ခီနိုခါဝ မြစ်ရေလျှံချိန်မှာ ရေလွှမ်းမိုးနိုင်တဲ့နေရာစတာတွေကို ပြသထားတဲ့မြေပုံ



တိမ်းရှောင်ခိုလှုံရေးစခန်း အမှတ်အသား




(ဟာရှိမိုတိုမြို့အင်တာနက်စာမျက်နှာ)

https://www.city.hashimoto.lg.jp/guide/kikikanri/map/r2hazardmap.html

## ●ရပ်ရွာအလိုက် ဘေးအန္တရာယ်ပြမြေပုံ

- ခိုမူရိုရပ်ကွက် https://www.city.hashimoto.lg.jp/material/files/group/18/kamuro.pdf
- ခီမီရပ်ကွက် https://www.city.hashimoto.lg.jp/material/files/group/18/kimi2.pdf
- ဟာရှိမိုတိုရပ်ကွက် https://www.city.hashimoto.lg.jp/material/files/group/18/hashimoto2.pdf
- စူဒရပ်ကွက် https://www.city.hashimoto.lg.jp/material/files/group/18/sudatiku.pdf
- ခိုးယဂူချိရပ်ကွက် https://www.city.hashimoto.lg.jp/material/files/group/18/kouyaguchi-tiku2.pdf
- ယာမာဒါရပ်ကွက် https://www.city.hashimoto.lg.jp/material/files/group/18/yamada-tiku.pdf
- ခိုးအိနိုရပ်ကွက် https://www.city.hashimoto.lg.jp/material/files/group/18/koino-tiku.pdf

# 7. တိမ်းရှောင်ခိုလှုံရေးစခန်းဆိုတာ



・ လူအများအပြား တိမ်းရှောင်ခိုလှုံကြပါတယ်။

→ အများနဲ့အတူနေထိုင်တာမို့ စားသောက်တဲ့အချိန်နဲ့ပမာဏ၊ အိမ်သာနဲ့ ရေချိုးခန်းအသုံးပြုပုံစတဲ့ စည်းကမ်းတွေကို လိုက်နာပြီး အပြန်အလှန်ဖေးမကူညီကြပါစို့။

・ တိမ်းရှောင်ခိုလှုံရေးစခန်းမှာ ရေနဲ့ အစားအစာတွေကို သိုလှောင်ထားပါတယ်။

→ မြို့က သိုလှောင်ထားတဲ့ အစားအစာတွေဟာ အလွယ်တကူချက်ပြုတ်နိုင်တာတွေဖြစ်ပါတယ်။ အမဲသား၊ ဝက်သား၊ ကြက်သားစတာတွေ ပါဝင်နေတာမျိုး ရှိပါတယ်။

● တိမ်းရှောင်ခိုလှုံရေးစခန်းမှာ မဖြစ်မနေ တိမ်းရှောင်ခိုလှုံဖို့ မလိုအပ်ပါဘူး။ မိမိနေအိမ်က ဘေးမသင့်ခဲ့ဘူးဆိုရင် နေအိမ်မှာပဲခိုလှုံတာ၊ အသိမိတ်ဆွေရဲ့အိမ်က ဘေးကင်းလုံခြုံတယ်ဆိုရင် အဲဒီမှာတိမ်းရှောင်ခိုလှုံလည်း ရပါတယ်။

# ၈ . ဂျပန်ရဲ့မိုးလေဝသခန့်မှန်းချက်အသုံးအနှုန်းများ



| | |
|---|---|
| သတိပြုရန်အသိပေးချက် (ချူးအိဟိုး) | ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ပါတယ်။ သတိပြုပါ။ |
| သတိပေးချက် (ခေးဟိုး) | ကြီးမားတဲ့ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ပါတယ်။ အထူးသတိပြုပါ။ |
| အထူးသတိပေးချက် (တိုခုဘက်ဆုခေးဟိုး) | မကြုံစဖူး ကြီးမားတဲ့ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ပါတယ်။ ချက်ချင်း အသက်ကိုကာကွယ်ဖို့ လုပ်ဆောင်ပါ။ |

□ပမာ

“မိုးသည်းထန်မှု သတိပေးချက် (မြေပြိုမှုအန္တရာယ်)” … မိုးအကြီးအကျယ်ရွာပြီး၊ ချောက်ကမ်းပါးပြိုတာတွေ ဖြစ်နိုင်တဲ့အန္တရာယ် ရှိပါတယ်။ အထူးသတိပြုပါ။




● ရှင်းဒို(ငလျင်အဆင့်) ပမာဏ

| | |
|---|---|
| ရှင်းဒို 0 | လှုပ်နေမှန်း သတိမထားမိပါဘူး။ |
| ရှင်းဒို 1 | လှုပ်နေတာနည်းနည်းသတိထားမိသူရှိပါတယ်။ |
| ရှင်းဒို 2 | အိပ်ပျော်နေရာက နိုးလာသူတွေ ရှိပါတယ်။ |
| ရှင်းဒို 3 | အဆောက်အအုံထဲရှိနေသူ အားလုံးလိုလို လှုပ်နေတာကို သတိထားမိပါတယ်။ |
| ရှင်းဒို 4 | လမ်းလျှောက်နေသူ အားလုံးလိုလို လှုပ်နေတာကို သတိထားမိပါတယ်။ |
| ရှင်းဒို 5 အပျော့ | လူအများအပြား ကြောက်လန့်ကြပြီး တစ်ခုခုကို ဆုပ်ကိုင်ထားချင်စိတ် ဖြစ်ပါတယ်။ |
| ရှင်းဒို 5 အပြင်း | တစ်ခုခုကို ဆုပ်ကိုင်မထားရင် လမ်းလျှောက်ဖို့ မလွယ်ပါဘူး။ |
| ရှင်းဒို 6 အပျော့ | မတ်တပ်ရပ်နေဖို့ ခက်ခဲပါတယ်။ |
| ရှင်းဒို 6 အပြင်း | လေးဘက်ထောက်တွားသွားပြီးပဲ လှုပ်ရှားနိုင်ပါတယ်။ |
| ရှင်းဒို 7 | ထိန်းချုပ်ချည်နှောင်မထားတဲ့ ပရိဘောဂအားလုံးလိုလို လှုပ်ရှား၊ လဲကျ၊ လွင့်စင်တာတွေ ဖြစ်ပါတယ်။ |

# ၇ . ဘေးအန္တရာယ်ဖြစ်ပေါ်ချိန် သုံးစွဲလေ့ရှိတဲ့ အသုံးအနှုန်းများ

စိုင်းဂိုင်း → တိုင်ဖွန်းမုန်တိုင်း၊ မိုးကြီးမှု၊ ငလျင်၊ ဆူနာမီ၊ မီးတောင်ပေါက်ကွဲမှုစတဲ့ ဘေးအန္တရာယ်

ဟီနန်း → အန္တရာယ်ရှိတဲ့နေရာကနေ ဘေးကင်းရာဆီ ထွက်ပြေးတိမ်းရှောင်ခြင်း

ဟီနန်းဂျော → ဘေးအန္တရာယ်ကြောင့် အိမ်မှာမနေနိုင်တဲ့အခါ နေထိုင်ဖို့နေရာ (တိမ်းရှောင်ခိုလှုံရေးစခန်း)

ဟီနန်းကေးလို → ထွက်ပြေးတိမ်းရှောင်ဖို့ လမ်းကြောင်း (တိမ်းရှောင်ရေးလမ်းကြောင်း)

ဟီနန်းဂျောအို ခိုင်းစက်ဆုရှိမာ့စု → တိမ်းရှောင်ခိုလှုံရေးစခန်းဖွင့်ပါပြီ။ အသုံးပြုနိုင်ပါတယ်။

ဟီနန်းဂျောအို ဟေးစာရှိမာ့စု → တိမ်းရှောင်ခိုလှုံရေးစခန်းပိတ်ပါပြီ။ အသုံးမပြုနိုင်တော့ပါ။

ခေးခိုင်း ရှိတေ့ ခုဒါစိုင်း → သတိပြုပါ

ဂျောဟိုး → အသိပေးချက် (သတင်းအချက်အလက်)

တေးဒဲင်း → လျှပ်စစ်မီး သုံးလို့မရပါ (လျှပ်စစ်မီး ပြတ်တောက်ခြင်း)

ဘီချိခု → ဘေးအန္တရာယ်မကျခင် ကြိုတင်ပြင်ဆင်ထားစရာ (သိုလှောင်စုဆောင်းပစ္စည်း)

ရှော်ခုလယော → အစားအစာ

ခိချောဟင်း → အရေးပါတဲ့ပစ္စည်း

ဟီနိုမိုတိုအို ခါခုနင်းရှိတော့ ခုဒါစိုင်း → မီးဖိုစတာတွေမှာ မီးငြိမ်းနေတယ်ဆိုတာ စိစစ်အတည်ပြုပါ

ခီခဲင်း → အန္တရာယ်ရှိတယ်

ဒိုရှ ခူဇူလဲ → တောင်ပေါ်ကမြေတွေ ပြိုကျလာနေတယ်

ခါဝါ့ဂါ ဇိုးစုအိ ရှိတော့အိမာ့စု → မြစ်ရေတွေ တိုးနေတယ်

မီမဲအိ → မနက်ပိုင်း မိုးမလင်းခင်အချိန်

အာခဲခါ့တ → မနက်ပိုင်း မိုလင်းလာအချိန်

ဟီလုစုဂိခါလ ယူးဂါ့တာ့နိ ခါခဲတော့ → နေ့လယ်စာစားချိန်လောက်ကနေ
မိုးချုပ်စပြုချိန်အထိ



## ● သတိပြုရေးအဆင့်များ

| | |
|---|---|
| အဆင့် 5 | "ဘေးကင်းလုံခြုံမှုရယူရေး အရေးပေါ်လုပ်ဆောင်"<br>အသက်အန္တရာယ်ရှိပါတယ်။ အခုနေရာထက် ပိုပြီးဘေးကင်းလုံခြုံတဲ့နေရာကို သွားမယ်။ |
| အဆင့် 4 | "တိမ်းရှောင်ရေး ညွှန်ကြားချက်"<br>အန္တရာယ်ရှိတဲ့နေရာကနေ ဘေးကင်းလုံခြုံတဲ့နေရာကို ချက်ခြင်းထွက်ပြေးမယ်။ |
| အဆင့် 3 | "အသက်ကြီးသူစတဲ့သူတွေ တိမ်းရှောင်"<br>အသက်ကြီးသူ၊ ကလေးငယ်နဲ့ ထွက်ပြေးဖို့အချိန်ကြာမယ့်သူတွေ ထွက်ပြေးမယ်။<br>တခြားသူတွေ ထွက်ပြေးဖို့ အသင့်ပြင်မယ်။ |
| အဆင့် 2 | ဘေးအန္တရာယ်ပြမြေပုံမှာ နေရာကို စိစစ်အတည်ပြု။<br>ရပ်မြင်သံကြား၊ ရေဒီယိုနဲ့ မြို့ကထုတ်ပြန်တဲ့ အသိပေးချက်တွေကို နားထောင်မယ်။ |
| အဆင့် 1 | ဘေးအန္တရာယ်ဖြစ်ပေါ် နိုင်တယ်ဆိုတာ စဉ်းစားထားမယ်။ |

# 10. မှန်ကန်တဲ့ သတင်းအချက်အလက်ကို ကြည့်ရှု၊ နားထောင်

- လိမ်ညာပြောဆိုမှု၊ မှားယွင်းတဲ့သတင်းအချက်အလက်တွေကို နားမယောင်မိအောင် လုပ်ဆောင်ပါ။
- ရုပ်မြင်သံကြား၊ ရေဒီယိုနဲ့ မိမိနေထိုင်တဲ့မြို့က သတင်းအချက်အလက်တွေကို ကြည့်ရှု၊ နားထောင်ပါ။

ဘိုစိုင်း ဟာရှိမိုတိုမေးလ် (ဟာရှိမိုတိုမြို့ အရေးပေါ်အခြေအနေစီမံခန့်ခွဲရေးဌာန)

ဟာရှိမိုတိုမြို့ကနေ ဘေးအန္တရာယ်ကာကွယ်ရေးသတင်းအချက်အလက်ကို အီးမေးလ်ပို့ပါမယ်။

https://www.city.hashimoto.lg.jp/guide/kikikanri/jyouhouhaisin/bousai_mail.html

တိမ်းရှောင်ရေး အသုံးကျတဲ့ အပလီကေးရှင်း (ဝါကာ့ယာမခရိုင် နိုင်ငံတကာကူးလူးဆက်ဆံရေးစင်တာ)

လျှင်ဆိုင်ရာ နောက်ဆုံးရအရေးပေါ်အချက်အလက်နဲ့ ဆူနာမီသတိပေးချက်တွေကို ဘာသာအမျိုးမျိုးနဲ့ အသိပေးတဲ့ အပလီကေးရှင်းကို မိတ်ဆက်ပေးနေပါတယ်။

https://wak-kokusai.jp/appli/

အရေးပေါ်အခြေအနေစီမံခန့်ခွဲရေးဌာန

**<u>မိုးလေဝသသတင်း</u>** (မိုးလေဝသနှင့်ဇလဗေဒအေဂျင်စီ)

ဘာသာစကားအမျိုးမျိုးနဲ့ မိုးလေဝသသတင်း
အချက်အလက်တွေကို ကြည့်ရှုနိုင်ပါတယ်။

https://www.ma.go.jp/jma/kokusai/multi.html

**<u>NHK News Web Easy</u>** (NHK)

လွယ်ကူတဲ့ ဂျပန်စကားအသုံးပြုတဲ့ သတင်းတွေကို
ကြည့်ရှုနိုင်ပါတယ်။

https://www3.nhk.or.jp/news/easy/

**<u>NHK WORLD-JAPAN BOSAI</u>** (NHK)

ဘာသာစကားအမျိုးမျိုးနဲ့ မိုးလေဝသ သတင်း
အချက်အလက်တွေကို ကြည့်ရှုနိုင်ပါတယ်။

https://www3.nhk.or.jp/nhkworld/en/shows/bosaiscience/

**<u>Voice Tra</u>** (NICT)

စကားပြောထည့်လိုက်ရင် တခြားဘာသာကို ပြောင်းပေးတဲ့ အပလီကေးရှင်း
ဖြစ်ပါတယ်။

iOS

Android

# ဟာရှိမိုတိုမြို့
# အမှိုက်ခွဲခြားစွန့်ပစ်နည်း

ဟာရှိမိုတိုမြို့ အုပ်ချုပ်ရေးရုံး
လူနေမှုပတ်ဝန်းကျင်ဌာနခွဲ

လူနေမှုပတ်ဝန်းကျင်ဌာနခွဲ

# ဘာဖြစ်လို့ အမှိုက်ကို ခွဲခြားစွန့်ပစ်ဖို့ လိုသလဲ

အမှိုက်တွေကို ပြန်လည်အသုံးချနေပါတယ်

↓

အမှိုက်တွေ ရောထွေးနေရင် ပြန်လည်အသုံးချလို့ မရပါဘူး

↓

အမှိုက်မသိမ်းဘဲ ချန်ထားခံရမယ်

↓

အားလုံး အခက်တွေ့မယ်



လူနေမှုပတ်ဝန်းကျင်ဌာနခွဲ

# အမှိုက်ကို ဘယ်အချိန် ပစ်မလဲ (ပစ်တဲ့နေ့)

## “အမှိုက်သိမ်း နေ့ရက်အချိန်ဇယား” ကိုကြည့်ပါ

## အမှိုက်အမျိုးအစားအလိုက် ပစ်နိုင်တဲ့နေ့ မတူပါဘူး

| 地　区　名 | 可　燃　ご　み | その他プラ製容器包装 |
|---|---|---|
| 橋　本 | 毎週　火曜日 | 毎週　水曜日 |

●ごみは、収集当日の **朝8時** までに出してください。
●祝日の当該地区はごみ収集します。
●年末年始のごみ収集については、広報はしもと12月号でお知らせします。


| 古紙回収に関する お問い合わせ先 | 橋　本 | 橋本紙業　34-1346 |
|---|---|---|

| 令和6年度 | 地区 | ペットボトル | 埋立ごみ | 食品用ビン | 破砕選別ごみ 有害危険ごみ 廃食用油 | 粗大ごみ | 集団回収 古紙・布類 段ボール 新聞・雑誌 / 食品用アルミ缶 食品用スチール缶 |
|---|---|---|---|---|---|---|---|
| 4月 | 橋本 | 8日(月) 22日(月) | 22日(月) | 11日(木) | 25日(木) | | 4日(木) |
| 5月 | 橋本 | 13日(月) 27日(月) | | 9日(木) | 23日(木) | 6日(月) | 2日(木) |
| 6月 | 橋本 | 10日(月) 24日(月) | | 13日(木) | 27日(木) | | 6日(木) |
| 7月 | 橋本 | 8日(月) 22日(月) | 22日(月) | 11日(木) | 25日(木) | 1日(月) | 4日(木) |
| 8月 | 橋本 | 12日(月) 26日(月) | | 8日(木) | 22日(木) | | 1日(木) |
| 9月 | 橋本 | 9日(月) 23日(月) | | 12日(木) | 26日(木) | 2日(月) | 5日(木) |

| 令和6年度 | 地区 | ペットボトル | 埋立ごみ | 食品用ビン | 破砕選別ごみ 有害危険ごみ 廃食用油 | 粗大ごみ | 集団回収 古紙・布類 段ボール 新聞・雑誌 / 食品用アルミ缶 食品用スチール缶 |
|---|---|---|---|---|---|---|---|
| 10月 | 橋本 | 14日(月) 28日(月) | 28日(月) | 10日(木) | 24日(木) | | 3日(木) |
| 11月 | 橋本 | 11日(月) 25日(月) | | 14日(木) | 28日(木) | 4日(月) | 7日(木) |
| 12月 | 橋本 | 9日(月) 23日(月) | | 12日(木) | 26日(木) | | 5日(木) 29日(日) |
| 1月 | 橋本 | 13日(月) 27日(月) | 27日(月) | 16日(木) | 30日(木) | 6日(月) | |
| 2月 | 橋本 | 10日(月) 24日(月) | | 13日(木) | 27日(木) | | 6日(木) |
| 3月 | 橋本 | 10日(月) 24日(月) | | 13日(木) | 27日(木) | 3日(月) | 6日(木) |

# အမှိုက်ကို ဘယ်အချိန် ပစ်မလဲ (ပစ်တဲ့အချိန်)

မနက် ၈ နာရီ မတိုင်ခင် ပစ်ပါ



အဲဒီနေ့ မနက်မှာ ပစ်ရင် အဆင်ပြေပါတယ်

လူနေမှုပတ်ဝန်းကျင်ဌာနခွဲ

# သတ်မှတ်ထားတဲ့အိတ် အသုံးပြုရတဲ့ အမှိုက်

- မီးရှို့နိုင်တဲ့အမှိုက်




- ပလတ်စတစ်ဘူးခွက်အခွံ
- PET ပလတ်စတစ်ဘူးခွံ





- ဖန်/မှန်၊ ကြွေထည်မြေထည်



လူနေမှုပတ်ဝန်းကျင်ဌာနခွဲ

# အိတ် အမျိုးအစားအလိုက် ဈေးမတူပါ







ဈေးကြီးတယ် → ဈေးပေါတယ်


ကြိုးစားပြီး အမှိုက်တွေကို ခွဲခြားပစ်ရင်
ဈေးပေါတဲ့အိတ်ကို အသုံးပြုနိုင်လာမယ်

# အိတ်ကို ဘယ်မှာ ဝယ်လို့ရပါသလဲ

- ၂၄နာရီကုန်စုံဆိုင်၊ စူပါမားကက်၊ အိမ်သုံးပစ္စည်းအရောင်းစင်တာ၊ ဆေးဆိုင် စသည်
- ရှာမတွေ့ရင် ဆိုင်ဝန်ထမ်းကို မေးကြည့်ပါ
- အရောင်နဲ့ ဈေးနှုန်းတွေ မတူပါဘူး

# မီးရှို့နိုင်တဲ့အမှိုက်

■ အိတ် - သတ်မှတ်ထားတဲ့အိတ်




■ ဘယ်လိုအရာ ထည့်လို့ရသလဲ

○ မီးလောင်ကျွမ်းနိုင်တဲ့အရာ

→ သတ္တု၊ ဖန်/မှန် စတာတွေ မရပါ



# အခြား ပလတ်စတစ်ဘူးခွက်အခွံ




■ အိတ် - သတ်မှတ်ထားတဲ့အိတ်

■ ဘယ်လိုအရာ ထည့်လို့ရသလဲ

○ プラ(ပူလာ) အမှတ်အသား ပါတဲ့အရာ


○ ရေနဲ့ ဆေးကြော၊ အခြောက်ခံပါ



လူနေမှုပတ်ဝန်းကျင်ဌာနခွဲ

● ရေနဲ့ဆေးကြောမထားတဲ့အရာ

→ မီးရှို့နိုင်တဲ့အမှိုက်ထဲထည့်ပါ



# "PET ပလတ်စတစ်ဘူးခွံ"




■ အိတ် - သတ်မှတ်ထားတဲ့အိတ်

■ ဘယ်လိုအရာ ထည့်လို့ရသလဲ

○ PET ပလတ်စတစ်ဘူးခွံ အမှတ်အသားပါတဲ့အရာ


○ ရေနဲ့ ဆေးကြော၊ အခြောက်ခံပါ






လူနေမှုပတ်ဝန်းကျင်ဌာနခွဲ

# ပလတ်စတစ်နဲ့ PETပလတ်စတစ်ဘူးခွံကို သီးခြားခွဲ စွန့်ပစ်ပါ












လူနေမှုပတ်ဝန်းကျင်ဌာနခွဲ

# အလူမီနီယမ်ဘူး

■ အိတ်

○ အကြည်အိတ်

■ ဘယ်လိုအရာ ထည့်လို့ရသလဲ

○ အလူမီနီယမ်ဘူး အမှတ်အသား ပါတဲ့အရာ

○ ရေနဲ့ ဆေးကြော၊ အခြောက်ခံပါ



# သံဘူး

■ အိတ်

- ○ အကြည်အိတ်

■ ဘယ်လိုအရာ ထည့်လို့ရသလဲ

- ○ သံဘူး အမှတ်အသား ပါတဲ့အရာ
- ○ ရေနဲ့ ဆေးကြော၊ အခြောက်ခံပါ



လူနေမှုပတ်ဝန်းကျင်ဌာနခွဲ

# အလူမီနီယမ်ဘူးနဲ့ သံဘူးကို သီးခြားခွဲ စွန့်ပစ်ပါ







# ပုလင်း

■ ပုံး

လက်ယာဘက်မှ ပုံးများ




## ■ ဘယ်လိုအရာ ထည့်လို့ရသလဲ

○ အစားအသောက်တွေ

ထည့်ခဲ့တဲ့ ပုလင်း

○ အဖုံးကို ဖယ်ရှားပါ



လူနေမှုပတ်ဝန်းကျင်ဌာနခွဲ

# ထုခြေခွဲခြားအမှိုက်




■ ပုံး

အပြာရောင်ပုံး

■ ဘယ်လိုအရာ ထည့်လို့ရသလဲ

○ သတ္တုနဲ့လုပ်ထားတဲ့အရာ











# အန္တရာယ်ရှိသောအမှိုက်





■ ပုံး

အမည်းရောင်ပုံး

■ ဘယ်လိုအရာ ထည့်လို့ရသလဲ

○ ဓာတ်ခဲ၊ မီးလုံး၊ မီးခြစ်၊ စပရေးဘူး၊ ဂက်စ်ဘူး









# အကြီးစားအမှိုက်

## 30cm～1m



粗大ごみ収集シール㊫　黄色シール
このシールは、1辺(1 番長い辺) が 1.0メートル未満のものに貼ってください。
収　集　日　年　月　日
区・自治会名　なまえ
【ご注意】
● 粗大ごみとは、一辺の長さが30㎝を超える物です。
● 粗大ごみ 1 個を 1 点として、粗大ごみ収集シールを貼って出してください。
● ごみ収集日を確認し、住居地の粗大ごみ集積場所に出してください。
● 状態が良いものについては、リユース(再使用)する場合があります。
【収集できないもの】
● パソコン、家電 6 品目 (エアコン・テレビ・冷蔵庫・冷凍庫・洗濯機・衣類乾燥機)、オートバイ、タイヤ、プロパンガスボンベ、消火器、ピアノ、バッテリー、農業用機械器具類、その他の産業廃棄物 等
【お問合せ】橋本市 環境美化センター TEL.36－1153
4 580214 950088









## 1m～



粗大ごみ収集シール㊅　赤色シール
このシールは、1辺(1 番長い辺) が 1.0メートル以上のものに貼ってください。
収　集　日　年　月　日
区・自治会名　なまえ
【ご注意】
● 粗大ごみとは、一辺の長さが30㎝を超える物です。
● 粗大ごみ 1 個を 1 点として、粗大ごみ収集シールを貼って出してください。
● ごみ収集日を確認し、住居地の粗大ごみ集積場所に出してください。
● 状態が良いものについては、リユース(再使用)する場合があります。
【収集できないもの】
● パソコン、家電 6 品目 (エアコン・テレビ・冷蔵庫・冷凍庫・洗濯機・衣類乾燥機)、オートバイ、タイヤ、プロパンガスボンベ、消火器、ピアノ、バッテリー、農業用機械器具類、その他の産業廃棄物 等
【お問合せ】橋本市 環境美化センター TEL.36－1153
4 580214 950095












# “မြေမြှုပ်စွန့်ပစ်အမှိုက်”

■ အိတ်　　သတ်မှတ်ထားတဲ့အိတ်


○ အညိုရောင်စာလုံးနဲ့ အိတ်

■ ဘယ်လိုအရာ ထည့်လို့ရသလဲ

○ ဖန်/မှန်၊ ပန်းကန်ခွက်ယောက်၊ အလှကုန်ပုလင်း







လူနေမှုပတ်ဝန်းကျင်ဌာနခွဲ


# စွန့်ပစ်လို့မရတဲ့အမှိုက်



အဲယားကွန်း



ရုပ်သံစက်



ရေခဲသေတ္တာ



အဝတ်လျှော်စက်



ဆိုင်ကယ်



တာယာ






အရည်များ

လူနေမှုပတ်ဝန်းကျင်ဌာနခွဲ

# အမှိုက်ခွဲခြားစွန့်ပစ်နည်း ဗီဒီယို

ဘာသာစကားအလိုက် စာတန်းထိုး ထားပါတယ်။

အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မြန်မာ၊ အင်္ဂလိပ်၊ ကိုရီးယား၊ တရုတ် ဘာသာစကားများ

# သတင်းအချက်အလက်ရယူနည်း



**ဟာရှီမိုတိုမြို့ မူဝါဒရေးဆွဲရေးဌာနခွဲ**

# ဟာရှိမိုတိုမြို့　Home Page




နိုင်ငံခြားသားများအတွက်
အချက်အလက်ရှာဖွေနိုင်
သည့်ဆိုဒ်များကိုစာရင်းပြု
စုထားပါသည်။

# ①ချိတ်ဆက်ပြီးကျယ်ပြန့်ဂျပန်စကားဖြင့်နေထိုင်ခြင်း




ဂျပန်စာလေ့လာရန်အတွက်ဆိုဒ်ဖြစ်ပါသည်။

ဝေါဟာရများနှင့်ဗီဒီယိုများစွာပါရှိသောကြောင့်နားလည်ရန်အလွန်လွယ်ကူပါသည်။

အားလုံးကိုအခမဲ့လေ့လာနိုင်ပါသည်။

# ②ဝါခယာမ နိုင်ငံတကာဖလှယ်ရေးဌာန




WAKAYAMA ခရိုင်တွင်နေထိုင်ကြသောနိုင်ငံခြားသားများအတွက်ဆိုဒ်ဖြစ်ပါသည်။

လုပ်ထုံးလုပ်နည်းများ၊ပွဲများနှင့်ပတ်သက်သောသတင်းအချက်အလက်များကိုဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ③တိုင်ပင်ဆွေးနွေးရန်ကောင်တာ

## ※ဝါခါယမခရိုင်（わかやまけん）နိုင်ငံတကာဖလှယ်ရေးဌာန




နေထိုင်မှုနှင့်ပတ်သက်သောကိစ္စများကိုဘာသာစကားမျိုးစုံဖြင့်တိုင်ပင်ဆွေးနွေးနိုင်ပါသည်။


ဤဆိုဒ်တွင်တိုင်ပင်ဆွေးနွေးနိုင်သောနေ့ရက်နှင့်အချိန်များကိုရေးထားပါသည်။

# ④NHKနားလည်လွယ်သောစကား သတင်း




ဂျပန်နှင့်နိုင်ငံခြားသတင်းများကို
နားလည်လွယ်သောဂျပန်ဘာသာ
ဖြင့်ရေးထားပါသည်။

# ⑤နိုင်ငံခြားသားအလုပ်အကိုင်




နေထိုင်မှု၊အလုပ်နှင့်ပတ်သက်၍ဘာသာစကားအမျိုးမျိုးဖြင့်ဘာသာပြန်ထားသောရှင်းလင်းချက်များကိုကြည့်ရှုနိုင်ပါသည်။

# ⑥ဂျပန်မိုးလေဝသအေဂျင်စီ Home Page



jma.go.jp/jma/kokusai/multi.html

国土交通省 気象庁 Japan Meteorological Agency

› ENGLISH › Other Languages 文字サイズ変更 標準 大

ホーム | 防災情報 | 各種データ・資料 | 地域の情報 | 知識・解説 | 各種申請・ご案内

Home > Other Languages

## Multilingual Information on Disaster Risk Reduction

| Languages | Content |
|---|---|
| English | Weather (weather, heavy rain, high temperature, etc.)/earthquake/tsunami/volcano information |
| 简体中文 | 气象（天气、大雨、高温等）·地震·海啸·火山相关的信息 |
| 繁體中文 | 氣象（天氣、大雨、高溫等）·地震·海嘯·火山相關的資訊 |
| 한국어 | 기상(날씨, 호우, 고온 등) ・지진 ・지진해일(쓰나미)・화산에 관한 정보 |
| Español | Información Meteorológica (tiempo, lluvia torrencial, alta temperatura, etc) · Terremoto · Tsunami · Volcán |
| Português | Informações sobre Meteorologia (tempo, chuvas fortes, altas temperaturas, etc.) · Terremoto · Tsunami · Vulcão |
| Bahasa Indonesia | Informasi tentang cuaca (cuaca, hujan lebat, suhu tinggi, dll.), gempa bumi, tsunami, dan gunung berapi |
| Tiê´ng Việt | Thông tin liên quan đê´n khí tượng (thời tiê´t, mưa to, nhiệt độ cao v.v.) - động đâ´t - sóng thâ`n - núi lửa |
| Tagalog | Mga impormasyon tungkol sa panahon (lagay ng panahon, malakas na ulan, mataas na temperatura, atbp), lindol, tsunami at bulkan |
| ภาษาไทย | ข้อมูลเกี่ยวกับลักษณะอากาศ (สภาพอากาศ ฝนตกหนัก อุณหภูมิสูง ฯลฯ) แผ่นดินไหว สึนามิ และภูเขาไฟ |
| नेपाली भाषा | मौसम (मौसम, ठूलो वर्षा, उच्च तापक्रम आदि), भूकम्प, सुनामी, ज्वालामुखी पहाड सम्बन्धी जानकारी |
| ភាសាខ្មែរ | ព័ត៌មានអំពី ឧតុនិយម (អាកាសធាតុ ភ្លៀងធ្លាក់ខ្លាំង សីតុណ្ហភាពខ្ពស់ ល។) ការរញ្ជួយដី ស៊ូណាមិ ភ្នំភ្លើង |
| မြန်မာဘာသာစကား | မိုးလေဝသ (ရာသီဥတု,မိုးသည်းထန်စွာရွာခြင်း,အပူချိန်မြင့်ခြင်း စသည်) ・လျှင်・ဆူနာမီ・မီးတောင် သတင်း |
| Монгол хэл | Цаг уурын (цаг агаар,аадар бороо,Өндөр агаарын хэмтэй гэх мэт) ・газар хөдлөлтийн・цунамигийн・галт уул мэдээ |
| 日本語 | 気象（天気、大雨、高温など）・地震・津波・火山に関する情報 |

内閣府防災の多言語アプリのリーフレットはこちらです↓

ရာသီဥတု၊ဘေးအန္တရာယ်များနှင့်ပတ်သက်၍ဘာသာစကားအမျိုးမျိုးဖြင့်ကြည့်ရှုနိုင်ပါသည်။

# ဆွေးနွေးပွဲအကျဉ်းချုပ်




【နိုင်ငံသားဌာနခွဲ（しみんか）】　မြို့တော်ခန်းမ ၁ထပ်
・နေထိုင်သူမှတ်တမ်း
・My Nymber(マイナンバーカード）ကတ်အစရှိသဖြင့်နှင့်ပတ်သက်၍

【အာမခံပင်စင်ဌာနခွဲ（ほけんねんきんか】မြို့တော်ခန်းမ ၁ထပ်
・အမျိုးသားကျန်းမာရေးအာမခံ（こくみんけんこうほけん）
・ပင်စင်（ねんきん）　နှင့်ပတ်သက်၍

【အခွန်ဌာန（ぜいむか）】မြို့တော်ခန်းမ ၁ထပ်
・အခွန်税金（ぜいきん）　နှင့်ပက်သက်၍

# ဆွေးနွေးပွဲအကျဉ်းချုပ်





【နေ့ထိုင်မှုပတ်ဝန်းကျင်ဌာနခွဲ】 မြို့တော်ခန်းမ ၁ထပ်
- အမှိုက်
- စားသုံးသူ ပြဿနာအစရှိသဖြင့်နှင့်ပတ်သက်၍

【အကျပ်အတည်းစီမံခန့်ခွဲမှုရုံးခန်း】 မြို့တော်ခန်းမ၂ထပ်
- ဘေးအန္တရာယ်နှင့်ပတ်သက်၍

【ထုတ်လုပ်မှုစီမံကိန်းဌာန】 မြို့တော်ခန်းမ ၂ထပ်
- အချက်အလက်ကိုရယူနည်း
- ဂျပန်စာသင်ခန်း（にほんごきょうしつ）
- နိုင်ငံတကာဖလှယ်ရေး（こくさいこうりゅう）　စသည်တို့နှင့်ပတ်သက်၍

# ဂျပန်စာသင်ခန်းနှင့်ပတ်သက်၍

၂၀၂၅ခုနှစ် ၄လပိုင်း မှစ၍ ဟရှီမိုတိုရှီမြို့
တွင်ဂျပန်စာသင်ခန်းဖွင့်လှစ်ရန်အစီအစဉ်ရှိပါသည်။


နားလည်လွယ်သောဂျပန်ဘာသာစကားဖြင့်လူမျိုးစုံနှင့်ပြောဆိုဆက်သွယ်နိုင်ပါသည်။

၄လပိုင်းလောက်တွင်ထပ်မံအသိပေးသွားပါမည်။
ဆက်ဆက်လာခဲ့ကြပါ။



# မေးခွန်းများအစရှိသဖြင့်





【ဟရှီမိုတိုမြို့တော်ခန်းမ】

〒（စာတိုက်နံပါတ်）：648-8585

（နေရာ）：ဟရှီမိုတိုမြို့၊တိုဂဲ 1-1-1

☎（ဖုန်းနံပါတ်）：0736-33-1111

※မေးခွန်းများမေးရန် နေရာ（ဌာနခွဲ、အခန်း）ကို ပြောပြပါ။